# ဖူတာချိုဧ၏အလှကို စကားဖြင့် ဖော်ပြ၍မရနိုင်

"ဖူတာ"ဟူသည်ကား သင်္ကရိုက်၏အသံထွက်ဖြစ်သည်။ အဓိပ္ပာယ်မှာ"လှေကန်"ဖြစ်သည်။ တိဗက်ပူတာလာဘုရားကျောင်း၏ "ပူတာ"၊ ဖူထော်တောင်၏ "ဖူထော်" တို့နှင့် အဓိပ္ပာယ်ခြင်းတူသည်။ တစ်နည်းအားဖြင့် သက်ရှိသတ္တဝါအားလုံးကို သံသရာမှလွတ်မြောက်သော လှေဖြစ်သည်။ "ဖူတာချို" သည်သက်ရှိသတ္တဝါအားလုံးကို သံသရာတစ်ဖက်ကမ်းသို့ လွတ်မြောက်စေသောလှေကန်ဖြစ်သည်။ အကယ်၍သင်ဖူတာချိုသို့ရောက်ရှိသွားလျှင် လှပသောတိဗက်မိုးမခ၊ ဆီးချဉ်ပင်တို့သည် ရောထွေးယှက်တင်၍ စီစီရီရီရှိသည်ကို တွေ့ရှိနိုင်သည်။ သစ်ပင်၏ အစိမ်းရောင်၊ စိမ်းနုရောင်၊ ကောင်းကင်ယံ၊ ကန်ရေတို့၏အပြာရောင်၊ တိမ်သား၏ အဖြူရောင်တို့ကို သဘာဝကြီး၏ ဖော်စပ်ခြင်းအားဖြင့်လှပသောရှုခင်း တစ်ချပ်ဆွဲလာတော့သည်။

ဖူတာချိုအမျိုးသားဥယျာဉ်အတွင်းသို့ ဝင်ရောက်သွားပါက တစ်လမ်းသွားလမ်းတစ်လမ်းအတိုင်း ကားစီးရသည်။ လက်ယာရစ်အတိုင်း လည်ပတ်ကြည့်ရှုစေသောခရီးစဉ်သည် ဒေသခံ၏ ဓလေ့ထုံးစံကြည့်ရှုလေ့လာရန် စီစဉ်ထားခြင်းဖြစ်သည်ဟု ပြောသံကြားရသည်။ ယင်းသည် ပထမခုမြောက်သော ရှုခင်းဖြစ်သည်။ တောတက်လမ်းသည်တောင်တန်းကို အမှီပြု၍ ဖောက်လုပ်ခြင်းဖြစ်သည်။ တောင်ပေါ်က တိဗက်မိုးမခပင်များ စတင်ညှိုးနွမ်းလာသဖြင့် ရွှေရွှေဝါဝါဖြစ်ပြီးဆောင်းဦးရာသီ၏ အငွေ့အသက်များ ထင်ပေါ်လာနေသည်။ မိုးမခပင်အောက်က အောင်းများသည် အစုလိုက်အပြုံလိုက် စိမ်ပြေနပြေ မြက်စားနေကြရာ ကောင်းကင်ယံနှင့် ရေမျက်နှာပြင်ကြားတွင် ထင်ထင်ရှားရှား မည်းနက်နေသည်ကို တွေ့ရသည်။

ရှေ့သို့ဆက်သွားပါက ဖူတာချို၏ ဒုတိယခုမြောက်သော ရှုခင်းဖြစ်သည့် ဆူဒူးကန်သို့ ရောက်ရှိလာတော့သည်။ ကားပေါ်မှ ဆင်းလာပြီးနောက် ပျဉ်ခင်းလမ်းကျဉ်းအတိုင်း ခြေလျင်သွားရသည်။ တန်ချူခါသည် လမ်းခုလတ်တွင်ဖြတ်သန်းရမည့် ရှုခင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဤနေရာတွင် ကုန်းမြေအချို့သည်ရေပေါ်သို့"မောက်"လာပြီး အပေါ်တွင် သစ်ပင်များဖြင့်ဖုံးလွှမ်းလျက်ရှိနေသည်။ ရေပြင်မှအရိပ်ကြောင့် သစ်ပင်၏အရေအတွက် အဆမတန်တိုးများလာသည့်ပမာ ခံစားရသော်လည်း ညှိုးရော်သောအရောင်ကို ပြောင်းလဲနိုင်မှာမဟုတ်ပါ။ ငှက်တစ်စုသည် ကောင်းကင်ယံမှ ပျံသန်းလာ၍ သစ်ကိုင်းပေါ်တွင်ရပ်နားကာ မြည်ကြွေးနေသောကြောင့် ဤနေရာမှ တည်ငြိမ်မှုကို ဖြိုခွင်းလိုက်သည်။ ရှုမျှော်စင်ရောက်နေသော် မြင်ကွင်းတစတစ ကျယ်လာတော့သည်။ အဝေးက တောင်တန်း၊ ကောင်းကင်ပေါ်က တိမ်သားများသည် လက်လှမ်းမီအောင် နီးကပ်လှသဖြင့် ချိုပြုံးပြုံးရယ်လာတော့သည်။

ဆက်လက်၍ တောရိုင်းသစ်တောကို (၁၀)မိနစ်ကြာ ကားစီး၍ မိလီထန်ကုန်းမြင့် မွေးမြူရေးခြံသို့ ရောက်ရှိလာသည်။ ရွှေဝါရောင်စားကျက်စားခင်းတွင် အောင်းများ၊ မြင်းများထင်သလို အစာရှာစားနေကြသည်။ တောင်အပေါ်နှင့် ရေအနား၊ မိုးနှင့်မြေအကြား လွတ်လွတ်လပ်လပ်ရှိနေပြီး အများတို့ကိုအားကျစေကြသည်။

သတင်းထောက် - လော်ဟောက်

ဓာတ်ပုံသတင်း

## ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မာရသွန်ပြိုင်ပွဲကူမင်းမြို့၌ဖွင့်လှစ် လက်ရွေးစင်(၁၅၀၀၀)ဦးပါဝင်ယှဉ်ပြိုင်

၂၀၁၆ခုနှစ်ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကူမင်းနိုင်ငံတကာ မာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာလ၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ လက်ရွေးစင်ပေါင်း (၁၅၀၀၀)ကျော်တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ရာ နောက်ဆုံးတွင် အာသီယိုးပီးယားနိုင်ငံလက်ရွေးစင်က အမျိုးသားချန်ပီယံကိုလည်းကောင်း၊ ကင်ညာနိုင်ငံလက်ရွေးစင်က အမျိုးသမီးချန်ပီယံကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ယခုအကြိမ်မာရသွန်ပြိုင်ပွဲသည် ရှန်ဟဲပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ပထမဆုံးအကြိမ်အဖြစ် ကြီးမှူးကျင်းပခဲ့သော မာရသွန်ပြိုင်ပွဲဖြစ်သည်။ ရှန်ဟဲပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံ(၁၈)နိုင်ငံသည်လည်း ပထမဦးဆုံးအကြိမ်ဆုံဆည်း၍ အားကစား ယဉ်ကျေးမှုများပြသကြသည်။ ယခုအကြိမ်မာရသွန်ပြိုင်ပွဲ၏ ပြေးလမ်းသည် ပျမ်းမျှပင်လယ်ရေမျက်နှာပြင် အထက်(၁၈၉၀)မီတာတွင် တည်ရှိပြီး တရုတ်နိုင်ငံအတွင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံးသော မြို့ပြမာရသွန်ပြိုင်ပွဲဖြစ်သည်။



သတင်းထောက် - ကျန်ချိန်

ဓာတ်ပုံသတင်း

## (၄)ကြိမ်မြောက်ယူနန်ဓာတ်ပုံပြပွဲ ကူမင်းတွင် ဖွင့်လှစ်

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် (၄) ကြိမ်မြောက်ယူနန်ဓာတ်ပုံပြပွဲကို ကူမင်းတွင်ဖွင့်လှစ်ခဲ့သည်။ (၄)ကြိမ်မြောက် ယူနန်ဓာတ်ပုံပြပွဲကို ယူနန်ပြည်နယ်စာပေနှင့် အနုပညာသမဂ္ဂ၊ ယူနန်ပြည်နယ်ဓာတ်ပုံဆရာများအသင်းတို့မှ ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ယခုအကြိမ်ပြပွဲတွင်ပြသထားသောဓာတ်ပုံ(၂၀၀)ပုံ(တွဲ)တို့သည် နှစ်လကြာ ခေါ်ယူရွေးချယ်ခြင်းအားဖြင့် ဓာတ်ပုံပေါင်း (၃၇၀၀)ကျော်မှ ရွေးချယ်ထားသည့် ထူးချွန်သောဓာတ်ပုံလက်ရာများဖြစ်သည်။ ပြသထားသောလက်ရာများကိုလည်း 《(၄)ကြိမ်မြောက် ယူနန်ဓာတ်ပုံပြပွဲလက်ရာပေါင်းချုပ်》အဖြစ်ထုတ်ဝေသွားမည်ဖြစ်သည်။

အဆိုပါလက်ရာများသည်ယူနန်၏ဂေဟပတ်ဝန်းကျင်၊ ခရီးသွားရေး၊ အနုပညာ၊ ယဉ်ကျေးမှုစသည့် ဘက်မှနေ၍ ယူနန်ကို ပြသထားခြင်းဖြစ်သည်။ တိုင်းရင်းသားများ၏ သကြားထုတ်လုပ်ရေးလက်မှုပညာ၊ လှပသော ဖူရှုန်းကန်ရှုခင်း၊ ယူနန်တိုင်းရင်းသားများ၏ ရိုးရာဓလေ့စသည့် ယူနန်ဝိသေသ ထူးခြားချက်ပါသော ဓာတ်ပုံအမျိုးမျိုးတို့သည် ကြည့်ရှုသူဓာတ်ပုံဝါသနာရှင်တို့ကိုဆွဲဆောင်မိ ပြီးယင်းလျှပ်တပြက်မြင်ကွင်းကိုမှတ်တမ်းတင်နိုင်ရန် မိမိလက်ထဲမှ ကင်မရာများဖြင့် ဓာတ်ပုံတစ်ဖျပ်ဖျပ် ရိုက်ကြသည်။

ယူနန်ဓာတ်ပုံပြပွဲကို (၃)ကြိမ်တိုင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယူနန်ပြည်နယ် ဓာတ်ပုံဆရာများအသင်းမှ ကြီးမှူးကျင်းပခဲ့သည့် သမိုင်းအရှည်ဆုံးသော ပြည်နယ်လုံးဆိုင်ရာဓာတ်ပုံပြပွဲဖြစ်ကြောင်း မိတ်ဆက်ခြင်းအရ သိရသည်။

သတင်းထောက် - စူးဝင်










## ပန်ဒါမောင်ကျူနှင့်ကျိန်တောအတွက် "ယူနန်အမည်"မှည့်ပေးရန်ခေါ်ယူ

ဒီဇင်ဘာလ ၁၆ရက်နေ့တွင် ယူနန်တောရိုင်းတိရစ္ဆာန်ဥယျာဉ်မှ ရရှိသောသတင်းအရ ယူနန်တောရိုင်း တိရစ္ဆာန်ဥယျာဉ်သည် ယခုအချိန်မှစ၍ အများပြည်သူများထံ ပန်ဒါမောင်ကျူနှင့် ကျိန်တောတို့အတွက် "ယူနန်အမည်"မှည့်မေးရန်ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။

ပန်ဒါမောင်ကျူနှင့် ကျိန်တောတို့သည် ယူနန်၌ တစ်လကျော် နေထိုင်ခဲ့ပြီဖြစ်သော်လည်း ယခင်စီချွမ်းပြည်နယ်တွင် အစဉ်နေထိုင်ခဲ့သောကြောင့် ယင်းပန်ဒါနှစ်ကောင်တို့သည် တိရစ္ဆာန်မွေးမြူရေးဝန်ထမ်းများက စီချွမ်းဒေသန္တရစကားဖြင့် ညွှန်ကြားလေ့ကျင့်ပေးသည်ကိုသာ ကျင့်သားရခဲ့ပြီး အခြားသောဒေသန္တရစကားအတွက် အလေ့အကျင့်မရှိသေးပါ။ ယူနန်တိရစ္ဆာန်မွေးမြူရေးဝန်ထမ်းအား ပန်ဒါနှစ်ကောင်၏ နေ့စဉ်လှုပ်ရှားမှုညွှန်ကြားပေးရာတွင် ပိုမိုအဆင်ပြေစေရန် တိရစ္ဆာန်ဥယျာဉ်သည် ထိုပန်ဒါနှစ်ကောင်အတွက် ယူနန်နှင့် ပိုမိုကိုက်ညီသော "ယူနန်အမည်"အသီးသီးမှည့်ပေးရန် ဆုံးဖြတ်ထားသည်။ အမည်မှည့်ပေးသောလှုပ်ရှားမှုထဲ ပါဝင်ခဲ့သူများသည် ယင်းဥယျာဉ်အတွင်းသို့ ဝင်ရောက်၍ ပန်ဒါများကို အခမဲ့ရှုစားခွင့်ရှိကြောင်း သိရသည်။



သတင်းထောက် - ကျူဟဲ